ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂ ) ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

## မာတိကာစဉ်

၁။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး နည်းဥပဒေများနှင့် စပ်လျဉ်းသည့် သိကောင်းစရာ ၂ - ၃

၂။ ဆယ်ကျော်သက်များ သေကြောင်းကြံစည်မှုနှင့်ဆက်စပ်နေသည့် တရားစွဲဆိုမှုများကို ဖြေရှင်းရန် Google နှင့် Character.AI က သဘောတူခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း ၄ - ၆

၃။ ထိုင်းနိုင်ငံတွင် တန်းတူညီမျှမှုကိုမြှင့်တင်ရန်ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းရန် တွန်းအားပေးလျက်ရှိခြင်း ၇ - ၈

၄။ သမားရိုးကျနည်းလမ်းများမှ နည်းပညာမြင့်မားသည့်ပုံစံများသို့ ကူးပြောင်းလာနေသည့် အကြွမ်းဖက်မှုပုံသဏ္ဌာန်များအကြောင်းသိကောင်းစရာ ၉ - ၁၁

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂ )　　　　　　၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနည်းဥပဒေများနှင့် စပ်လျဉ်းသည့် သိကောင်းစရာ

ပြည်ထဲရေးဝန်ကြီးဌာနသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနည်းဥပဒေများကို ၂၉-၁၂-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၂၈/ ၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းနည်းဥပဒေများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ လူကုန်ကူးမှုများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန်၊ လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအား ကာကွယ်ရန်နှင့် အကူအညီပေးရန်၊လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရန်၊လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ၊ ဒေသတွင်းနိုင်ငံများ၊ဒေသခွဲတွင်းနိုင်ငံများနှင့် ချုပ်ဆိုထားသည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းနည်းဥပဒေများတွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လူကုန်ကူးခံရသူများနှင့် သက်သေများအား အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သက်သေခံပစ္စည်းအဖြစ် ချိတ်ပိတ်သိမ်းဆည်းခြင်း၊ သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရေးအတွက် အဖွဲ့ဝင်တစ်နိုင်ငံမှတစ်နိုင်ငံသို့ လွှဲပြောင်းပေးပို့ခြင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို

စစ်ဆေးကြည့်ရှုခြင်း၊မိတ္တူကူးယူခြင်းနှင့်သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း၊အီလက်ထရောနစ် သတင်းအချက်အလက် ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာ အတည်ပြုခြင်း၊ နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုများအား စုံစမ်းစစ်ဆေးခြင်း၊ လူကုန်ကူးမှုများအား တရားစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း၊ ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း၊ ပြစ်မှုကျူးလွန် ကြောင်း စွပ်စွဲခြင်းခံရသူအား လွှဲပြောင်းပေးခြင်း၊ ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အထွေထွေအခန်းဟူ၍ အခန်းပေါင်း ၁၆ ခန်းဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဖော်ပြ၍ ထုတ်ပြန်ထား ကြောင်း တွေ့ရှိရပါသည်။

ယင်းနည်းဥပဒေများအရ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းကော်မတီသည် လူကုန်ကူးခံရသူက မိမိ၏နစ်နာမှုအတွက် တရားမကြောင်းအရ တရားစွဲဆိုသည့်ကိစ္စရပ်များတွင် လူကုန်ကူးခံရသူအတွက် ရှေ့နေတစ်ဦးလိုက်ပါဆောင်ရွက်ပေးရန်နှင့် ဥပဒေအကြံဉာဏ်ပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ အကူအညီတောင်းခံနိုင်ကြောင်း ထည့်သွင်းထားသည် ကိုလည်း တွေ့ရှိရပါသည်။

ယင်းနည်းဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုများတားဆီး နှိမ်နင်းနိုင်ပြီး လူကုန်ကူးခံရသူများ လျော့နည်းပပျောက်လာမည်ဖြစ်သည့်အပြင် လူကုန်ကူးခံရသူ များကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊
အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

- ပြည်ထဲရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂ ) ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

## ဆယ်ကျော်သက်များ သေကြောင်းကြံစည်မှုနှင့်ဆက်စပ်နေသည့် တရားစွဲဆိုမှုများကို ဖြေရှင်းရန် Googleနှင့် Character.AI က သဘောတူခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

Character.AIဆိုသည်မှာ လူတစ်ယောက်၊ ဇာတ်ကောင်တစ်ယောက် သို့မဟုတ် စိတ်ကူးယဉ်ပုံရိပ်တစ်ခုလိုပြုမူနိုင်အောင် ဖန်တီးထားသည့် ဉာဏ်ရည်တုဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဇာတ်ကောင်တစ်ကောင်လို စကားပြော၊ တုံ့ပြန်၊ စရိုက်ရှိအောင်လုပ်ထားသည့် AI ဖြစ်ပါသည်။ Character.AIသည် ဇာတ်ကောင်လိုစကားပြောဆိုနိုင်ပြီး role play(သရုပ်ဆောင်)လုပ်ဆောင်နိုင်ကာ အဆိုပါဇာတ်ကောင်၏စရိုက်အတိုင်း ပြုမူနိုင်ပါသည်။ Chat GPT သည် အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခြင်း၊ မေးခွန်းများဖြေကြားခြင်းသာဖြစ်ပြီး ဇာတ်ကောင်စရိုက် မပါရှိခြင်းတို့မှာ Character.AI နှင့် အဓိကခြားနားချက်ဖြစ်ပါသည်။

Googleနှင့် ဉာဏ်ရည်တု AI ကုမ္ပဏီဖြစ်သည့် Character.AI တို့သည် ၂၀၂၄ ခုနှစ်တွင် ဆယ်ကျော်သက်တစ်ဦး သတ်သေမှုနှင့် ဆက်နွယ်သော တရားစွဲဆိုမှုတစ်ရပ်ကို ဗုဒ္ဓဟူးနေ့တွင် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပြီးဆုံးအောင်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ဤကိစ္စသည် AI ကြောင့် ထိခိုက်နစ်နာမှုများနှင့်ဆိုင်သောအမှုများအတွက် အရေးပါသောအမှုတစ်ရပ် (landmark settlement) ဖြစ်လာခဲ့ပါသည်။

အမေရိကန် ဖလော်ရီဒါပြည်နယ်ရှိ Middle District of Florida ခရိုင်တရားရုံးက တရားလိုနှင့် တရားခံများအကြား သဘောတူညီချက်ရရှိပြီးနောက် အမှုကိုပယ်ဖျက်လိုက်သည်။ အဖွဲ့နှစ်ဖက်သည် ရက်ပေါင်း ၉၀ အတွင်း ညှိနှိုင်းသဘောတူညီချက်ကို အပြီးသတ်ရမည်ဖြစ်ပြီး အကြောင်းပြချက်ကောင်းရှိပါက အမှုကို ပြန်လည်ဖွင့်နိုင်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် သတ်သေသူ Sewell Setzer (အသက် ၁၄ နှစ်)၏ မိခင် Megan Garciaသည် ဖလော်ရီဒါခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။Setzerသည် စိတ်ကျန်းမာရေးပြဿနာများနှင့် ရုန်းကန်နေရချိန်တွင် “Game of Thrones” ရုပ်သံဇာတ်လမ်းထဲမှ ဇာတ်ကောင်တစ်ဦးကိုအခြေခံထားသော Character.AI chatbot က သေဆုံးသူအား ကိုယ့်အသက်ကိုကိုယ်ဆုံးရှုံးစေဖို့ အားပေးခဲ့သည်ဟုစွပ်စွဲထားသည်။ထို့အပြင်သတ်သေခြင်းမလုပ်မီ chatbotနှင့် လိင်ပိုင်းဆိုင်ရာပြောဆိုမှုများ ပြုလုပ်ခဲ့ခြင်းကိုလည်း ဖော်ပြထားသည်။

Garciaက နည်းပညာကုမ္ပဏီများအနေဖြင့် strict liability ကို လိုက်နာသင့်ကြောင်း တင်ပြခဲ့သည်။ strict liability ဆိုသည်မှာ အမှားရှိကြောင်းသက်သေပြရန်မလိုဘဲ ထိခိုက်မှုဖြစ်လျှင် ကုမ္ပဏီက တာဝန်ယူရမည့် ဥပဒေအယူအဆဖြစ်ပါသည်။

Character.AIသည် အန္တရာယ်ရှိနိုင်သောဒီဇိုင်းများနှင့် အသက်မပြည့်သေးသောသုံးစွဲသူများကို သာမန်စောင့်ရှောက်မှု မပေးနိုင်ခဲ့ခြင်းကြောင့် ပေါ့လျော့မှု(negligence)ရှိကြောင်းလည်း တရားစွဲဆိုထားသည်။ထိခိုက်နစ်နာမှုများအတွက် strict liability ကို Garcia ကဲ့သို့ အချို့က ထောက်ခံကြသော်လည်း အချို့ပညာရှင်များက မထောက်ခံကြပါ။Northwestern University မှ ဥပဒေပညာရှင် John O. McGinnis က strict liability ကို ဆန့်ကျင်ပြီး ယခုကဲ့သို့ ရေးသားခဲ့ပါသည်—

“AI အပေါ် strict liability ချမှတ်ခြင်းသည် ထင်ရှားသောထိခိုက်မှုများအတွက် လျော်ကြေးရရှိနိုင်သော်လည်း အမှန်တကယ်တွင် တရားရုံးများက မိမိတို့မကျွမ်းကျင်သည့် နည်းပညာ၏ အကျိုးဆက်အားလုံးကို အပြည့်အဝသိနိုင်သည်ဟု အမြင်မှားမှုကို ဖြစ်ပေါ်စေနိုင်သောကြောင့် ဖြစ်သည်။ထို့ကြောင့် အကျိုးအမြတ်အများကြီးပေးနိုင်သည့် AIနည်းပညာများကိုအသုံးချရန် တားဆီးစေပြီး လူမှုရေးအရ ပိုမိုထိခိုက်စေနိုင်သည်။”

Garcia ၏ အမှုသည် Colorado ၊ NewYork နှင့် Texas ပြည်နယ်များတွင် မိဘများက နည်းပညာကုမ္ပဏီကြီးများကို ဆက်တိုက်တရားစွဲဆိုခဲ့သည့် အမှုများထဲမှ ပထမဆုံးအမှုဖြစ်ပြီး တရားရုံးစာရွက်စာတမ်းများအရ ထိုအမှုများကိုလည်း ကုမ္ပဏီများက ညှိနှိုင်းသဘောတူညီချက်ဖြင့် ပြီးဆုံးရန် သဘောတူခဲ့ကြပါသည်။

Character.AI ကို ၂၀၂၁ ခုနှစ်တွင် Google အင်ဂျင်နီယာဟောင်းများက တည်ထောင်ခဲ့ပြီး၊ အသုံးပြုသူများကို စိတ်ကူးယဉ်ဇာတ်ကောင်များနှင့် စကားပြောနိုင်ရန် ဖိတ်ခေါ်သည့် App တစ်ခုဖြစ်သည်။သတ်သေမှုအပြင် အစုလိုက်အပြုံလိုက်ပစ်ခတ်မှုများကိုပါ App အသုံးပြုမှုနှင့် ဆက်နွှယ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် Wisconsin ပြည်နယ်ရှိ ပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် အသက် ၁၅ နှစ်အရွယ် Natalie Rupnow သည် ကျောင်းသားများကို ပစ်ခတ်ခဲ့ပြီး လူ ၂ ဦး သေဆုံးကာ ၆ ဦး ဒဏ်ရာရခဲ့ပြီး နောက်ဆုံးတွင် ကိုယ်တိုင် အသက်ဆုံးရှုံးခဲ့သည်။နောက်ပိုင်းတွင် Institute for Countering Digital Extremism က Rupnow သည်

Character.AI chatbotများနှင့် ဆက်သွယ်ခဲ့ကြောင်းဖော်ထုတ်ခဲ့ပြီး သူမ၏ profileတွင် အဖြူရောင်အာဏာရှင်ဝါဒ (white supremacist)ဆိုင်ရာ အချက်အလက်များ ပါဝင်နေခဲ့သည်ဟု ဆိုသည်။

AIကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် ပတ်သက်သည့်အမှုများ ဆက်တိုက်ဖြစ်ပေါ်လာပြီးနောက် Character.AI သည် ဆယ်ကျော်သက်များအတွက် အထူးရည်ရွယ်သော လုံခြုံရေးလုပ်ဆောင်ချက်များ (မိဘထိန်းချုပ်မှုများအပါအဝင်)ကို ကြေညာခဲ့သည်။ နောက်ပိုင်းတွင် အသက် ၁၈ နှစ်အောက်ကို open-ended chat အသုံးပြုခွင့် ပိတ်ပင်ခဲ့သည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် OpenAIက Chat GPT အသုံးပြုသူ ၈၀၀ သန်းအနက် ၁.၂ သန်းခန့်သည် အပတ်စဉ်သတ်သေမှုအကြောင်း ဆွေးနွေးကြသည်ဟု ထုတ်ဖော်ခဲ့ပါသည်။

နည်းပညာတိုးတက်ပြောင်းလဲခြင်းသည် လူသားတို့အား ကောင်းကျိုးများပေးနိုင်သကဲ့သို့ ဆိုးကျိုးများလည်းပေးနိုင်သည်ကို ပိုမိုသတိပြုနိုင်မည်ဖြစ်ပါသည်။ နည်းပညာအသုံးပြုသူများအပေါ် ထိခိုက်မှုရှိလာလျှင် နည်းပညာထုတ်လုပ်သည့်ကုမ္ပဏီကို အရေးယူနိုင်ခြင်း ရှိ မရှိမှာလည်း ဥပဒေရေးရာရှုထောင့်မှ စဉ်းစားရန်လိုအပ်လာမည်ဖြစ်ပါသည်။ AI နည်းပညာတိုးတက်လာသည့်အမျှ ဥပဒေမူဘောင်မှာလည်း ဆက်လက်ဖွံ့ဖြိုးနေဆဲဖြစ်သည့်အတွက် AI နည်းပညာဖွံ့ဖြိုးမှုတွင် Duty of Care(မထိခိုက်အောင်ကာကွယ်ရမည့်တာဝန်) မျက်ကွယ်ပြု၍ မရကြောင်းနှင့် ထိခိုက်ပါက ဒဏ်ငွေ၊ ဝန်ဆောင်မှုအား ပိတ်သိမ်းခြင်းစသည့်ပြစ်ဒဏ်များ သတ်မှတ်သင့်ပါသည်။သို့ဖြစ်ရာ AIသည် ဥပဒေ၏ အနာဂတ်ကို မည်သို့သက်ရောက်နိုင်သည်ကို သိရှိထားရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- http://www.jurist org/news/2026/01/google-and character-ai- agree- to settle-lawsuit-linked- to- teen-suicide/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂ )    ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

## ထိုင်းနိုင်ငံတွင် တန်းတူညီမျှမှုကိုမြှင့်တင်ရန် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းရန် တွန်းအားပေးလျက်ရှိခြင်း

ထိုင်းနိုင်ငံတရားရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင် တန်းတူညီမျှမှုကို မြှင့်တင်ရန် ရည်ရွယ်သည့် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး ဥပဒေကြမ်းအတွက် အဆိုပြုချက်များ ကြိုတင်ဆောင်ရွက်လျက်ရှိနေပါသည်။ဝန်ကြီးဌာနသည် အဆိုပါဥပဒေကြမ်းကိုဆွေးနွေးရန် မကြာသေးမီက ကျင်းပခဲ့သော ထိုင်းနိုင်ငံကျန်းမာရေးမြှင့်တင်ရေး ဖောင်ဒေးရှင်း (ThaiHealth)နှင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ပြည်သူ့လှုပ်ရှားမှု (MovED)ဖိုရမ်တို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထိုင်းကျန်းမာရေးဖောင်ဒေးရှင်း၏ မန်နေဂျာ Pongthep Wongwatcharapaiboon က မြို့ပြလေ့လာရေးအဖွဲ့အစည်းဖောင်ဒေးရှင်း (USI)နှင့် Thammasatတက္ကသိုလ် သိပ္ပံနှင့်ပညာရေးဌာနတို့၏ လေ့လာတွေ့ရှိချက်များကို ရည်ညွှန်း၍ ပြောကြားခဲ့ရာ သုတေသနပြုချက်များအရ ထိခိုက်နစ်နာစေနိုင်သည့် အယူအဆများကြောင့် အိမ်ရာမဲ့များသည် အများဆုံးခွဲခြားဆက်ဆံခံရသူများဖြစ်ကြကြောင်း ပြောကြားခဲ့သည်။

လေ့လာချက်များအရ မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံမှုကို ပုံမှန်ကြုံတွေ့နေရပြီး LGBTQ+ အသိုင်းအဝိုင်းမှသူများသည်လည်း ၎င်းတို့၏လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များကြောင့် မတရားဆက်ဆံခံရကြောင်း ပြောကြားခဲ့သည်။ထို့ပြင် နိုင်ငံအတွင်းရှိ လူအများစုသည် ရွှေ့ပြောင်းအလုပ်သမားများကို လူ့အခွင့်အရေးတန်းတူရှိသူများထက် အလုပ်သမားများအဖြစ်သာ မြင်ကြကြောင်းလည်း သုတေသနပြုလုပ်မှုများတွင် ထောက်ပြထားကြောင်း ပြောကြားခဲ့သည်။

Pongthepက ဥပဒေကြမ်းသည် လူသားအားလုံးအတွက် တရားမျှတမှုကို မြှင့်တင်ရန်နှင့် လူ့အဖွဲ့အစည်းအကြား ပေါ်ပေါက်လာသည့် ပြဿနာများကို စနစ်တကျဖြေရှင်းပေးရန်အတွက် လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန် ကူညီပေးနိုင်မည်ဖြစ်ပြီး Dr Sunthon Sunthonchart က မူဝါဒနှင့် ပြဋ္ဌာန်းချက် နှစ်မျိုးလုံးတွင် ခွဲခြားဆက်ဆံမှုများရှိနေသည့်အတွက်

တစ်ဦးချင်း ကြိုးပမ်းအားထုတ်မှုများနှင့် မတူကွဲပြားမှုကို လက်ခံခြင်းသည် လူ့အဖွဲ့အစည်းတွင် ဘက်လိုက်မှုကို လျှော့ချခြင်းဖြင့် ကူညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

People's Party MP Tunyawaj Kamolwongwat က ခွဲခြားဆက်ဆံမှုသည် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ကြောင်း၊အဆိုပြုဥပဒေမူကြမ်းသည် ကျား/မ တန်းတူညီမျှရေးဥပဒေနှင့် ဆင်တူကြောင်းနှင့် Tunyawaj က ခွဲခြားဆက်ဆံမှုကို ဖြေရှင်းရန်အတွက် ဘန်ကောက်ရှိ အေဂျင်စီတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ပြည်နယ်ရုံးများအနေဖြင့် ယင်းဒေသရှိ ဒေသတွင်းပြဿနာများကို စစ်ဆေးနိုင်စေရန်အတွက် တရားရေးဝန်ကြီးဌာနများမှ ဥပဒေများကိုပြင်ဆင်ရန် လိုအပ်မည်ဟု အကြံပြုခဲ့ပါသည်။ထို့ပြင် Fair Party list-MPမှ Kannavee Suebsang က တည်ဆဲဥပဒေများသည် အပြစ်ပေးမှုကိုသာ အဓိကထားပြီး ကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတွင် လုံလောက်မှု မရှိကြောင်း၊ နောင်လာမည့်အစိုးရအနေဖြင့် ဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုပြောကြားခဲ့ပါသည်။

အဆိုပါ ဥပဒေကြမ်းသည် အဓိကအားဖြင့် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ လိင်စိတ်ခံယူချက်၊ ကျား/မ၊ မသန်စွမ်းမှု၊ အသက်နှင့် လူနေမှုအဆင့်အတန်းတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများကို တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ရာ အဆိုပါဥပဒေကြမ်းအပေါ် ထိုင်းနိုင်ငံရှိ ပြည်သူအများစုက ထောက်ခံလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://thethaiger.com/law/justice-ministry-anti-discrimination-bill-thailand

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၂ )
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

## သမားရိုးကျနည်းလမ်းများမှ နည်းပညာမြင့်မားသည့်ပုံစံများသို့ ကူးပြောင်းလာနေသည့် အကြမ်းဖက်မှုပုံသဏ္ဌာန်များအကြောင်း သိကောင်းစရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်နှင့်လုပ်ပိုင်ခွင့်(၁၉)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီ(၃)ရပ်နှင့် လုပ်ငန်းအဖွဲ့(၅)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုအညွှန်းကိန်း (Global Terrorism Index _ GTI) အစီရင်ခံစာအရ အကြမ်းဖက်မှုပုံသဏ္ဌာန်သည် သမားရိုးကျနည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ Non-State Actorများသည် Droneများကို ပိုမိုအသုံးပြုလာပြီး မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများသည် Drone နည်းပညာဖြင့် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ဆိုက်ဘာနယ်ပယ်ကိုအသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကို တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လာနေကြောင်း လေ့လာတွေ့ရှိရပါသည်။

အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို ကျူးလွန်လျက်ရှိပြီး မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုမှ ရရှိသောငွေများကို Crypto-currency အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ခြေရာဖျောက်ငွေကြေးခဝါချပြီးနောက် အဆိုပါငွေများအား အကြမ်းဖက်လုပ်ငန်းများတွင်ပြန်လည်အသုံးပြုကာ နယ်စပ်ဖြတ်ကျော်ချိတ်ဆက်ကျူးလွန်သည့်အသွင်သို့ ကျူးလွန်နေမှုများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း ကော်မတီများ

အနေဖြင့် INTERPOL၊ ASEANAPOLတို့နှင့် ပူးပေါင်းဆောင်ရွက်မှု အချက်အလက်များအရ စိစစ်တွေ့ရှိရပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေးကို ၂၉-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဥပဒေများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၃၇၃)နှင့် (၂၄၆၂)အပါအဝင် နိုင်ငံတကာပြဋ္ဌာန်းချက်များကို လေးစားလိုက်နာပြီး ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ ကုလသမဂ္ဂအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာမဟာဗျူဟာ၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၊ ဘင်းမ်စတက်ကွန်ဗင်ရှင်းစသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာမူဘောင်များအပေါ် အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်တို့ဖြင့် ပြစ်ဒဏ်ကျတရားခံများအား လွတ်ငြိမ်းသက်သာခွင့်ပြုထားသော်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများအပါအဝင် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများကို ကျူးလွန်ခဲ့သူများအား လွတ်ငြိမ်းသက်သာခွင့်/ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တို့ ခွင့်မပြုထားကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အမိန့်အမှတ် ၁/၂၀၂၆၊ ၂/၂၀၂၆နှင့် ၃/၂၀၂၆ တို့အရ လေ့လာတွေ့ရှိရပါသည်။

အကြမ်းဖက်မှု၊အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်မှုတိုက်ဖျက်ရေးကို အမြစ်ပြတ်ချေမှုန်းနိုင်ရန်မှာ နည်းပညာပိုင်းဆိုင်ရာပညာရှင်များ၊ ဥပဒေပညာရှင်များ၊ တရားစွဲအဖွဲ့အစည်းများ၊

ဒေသတွင်းအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

- https://www.moi.gov.mm/news/78598
- https://www.moi.gov.mm/news/78749
- https://www.moi.gov.mm/news/78747
- https://www.moi.gov.mm/news/78745

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂ )　　　　၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

